
22 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၉)
စစ်အာဏာသိမ်းပြီးနောက်ပိုင်း
ပြည်ပကုန်သွယ်မှုဆိုင်ရာအချက်အလက်များ

## မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အခြေအနေ (၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)

၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇူလိုင်အထိ ပမာဏဖြစ်ပါသည်




မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအခြေအနေသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း အတက်အကျ များစွာဖြင့် မတည်ငြိမ်မှုများ ဖြစ်နေသည်။ စစ်အာဏာမသိမ်းခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမလေးလပတ်တွင် ကုန်သွယ်မှုတန်ဖိုး မြင့်တက်ခဲ့ပြီး ဇန်နဝါရီ၌ အမြင့်ဆုံး ဖြစ်ခဲ့သည်။ သို့သော် စစ်အာဏာသိမ်းသည့် ဖေဖော်ဝါရီ တွင် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၁,၉၀၀ နီးပါးကျဆင်းခဲ့သည်။ မတ်နှင့် မေတွင် ပြန်တက်ခဲ့သော်လည်း ဧပြီ၊ ဇွန်၊ ဇူလိုင်တွင် ကျဆင်းမှုများ ဖြစ်ပေါ်ခဲ့သည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့်အကြောင်းအချက်များ အမှတ်-၅၇** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက ဇူလိုင်တွင် အမေရိကန်ဒေါ်လာသန်း ၇၅၀ နီးပါးကျဆင်းခဲ့ပါသည်။ ဇူလိုင်တွင် စစ်အာဏာသိမ်းစဖြစ်သည့် ဖေဖော်ဝါရီကထက်ပင် လျော့နည်း၍ ကုန်သွယ်မှုပြုလုပ်ခဲ့သည့်အတွက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း **ကုန်သွယ်မှုအနည်းဆုံးလ**လည်း ဖြစ်ခဲ့သည်။


ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

22 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၉)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ထိပ်တန်းကုန်သွယ်ဖက်ငါးနိုင်ငံနှင့် ကုန်သွယ်မှု နှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀ (ဇူလိုင်) နှင့် ၂၀၂၀-၂၀၂၁ (ဇူလိုင်) ယာယီစာရင်းအား နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်





မြန်မာနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက် ငါးနိုင်ငံနှင့် ကုန်သွယ်မှုပမာဏကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇူလိုင်အထိ) နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်အထိ) ယာယီစာရင်း ကာလတူအား နှိုင်းယှဉ်ရာတွင် အိန္ဒိယမှအပ ကျန်နိုင်ငံများ၏ ကုန်သွယ်မှု ကျဆင်းနေပါသည်။ အထူးသဖြင့် တရုတ်နှင့် ကုန်သွယ်မှုမှာလည်း ကျဆင်းလျက်ရှိကာ ယခင် ဘဏ္ဍာနှစ် (ကာလတူ) က အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ် (ကာလတူ) တွင် အမေရိကန်ဒေါ်လာ သန်း ၈,၃၀၀ ကျော်သာ ကုန်သွယ်မှု ပြုလုပ်နိုင်ခဲ့ပြီး အမေရိကန် ဒေါ်လာသန်း ၂,၀၀၀ နီးပါးကျဆင်းခဲ့သည်။ အလားတူ စင်ကာပူနှင့် ကုန်သွယ်မှု၌လည်း အမေရိကန်ဒေါ်လာသန်း ၁,၀၀၀ နီးပါး လျော့နည်းခဲ့သည်။ ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော်၊ ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာသန်း ၂၅၀ ကျော် ကျဆင်းခဲ့ပါသည်။ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံ ငါးနိုင်ငံမဟုတ်သော ကျန်နိုင်ငံများနှင့် ကုန်သွယ်မှုတွင်လည်း အမေရိကန်ဒေါ်လာ သန်း ၂,၇၀၀ ကျော် ကျဆင်းခဲ့သည်။ ထူးခြားချက်အနေဖြင့် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုတွင် အမေရိကန် ဒေါ်လာ ၃၁ သန်း ကျော် တက်လာခဲ့သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၉)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း
## ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ပြည်ပကုန်သွယ်မှုပမာဏ ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀(ဇူလိုင်) နှင့် ၂၀၂၀-၂၀၂၁(ဇူလိုင်) ယာယီစာရင်းအား နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်




ပြည်ပကုန်သွယ်မှုပမာဏကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇူလိုင်အထိ) နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်အထိ) ယာယီစာရင်း ကာလတူအား နှိုင်းယှဉ်ရာတွင် **အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံကျော် ကျဆင်း**ခဲ့သည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၇** မှ အချက်အလက်များနှင့် ချိန်ထိုးပါကလည်း သွင်းကုန်ပမာဏမှာ ပို့ကုန်ပမာဏထက် ကျဆင်းခဲ့သည်ကို တွေ့ရသည်။ ယခင်ဘဏ္ဍာနှစ် (ကာလတူ) တွင် သွင်းကုန်သည် ပို့ကုန်ထက် အမေရိကန်ဒေါ်လာ သန်း ၁,၅၀၀ နီးပါးများခဲ့ပြီး၊ ယခုဘဏ္ဍာနှစ် (ကာလတူ) တွင်မူ ပို့ကုန်သည် သွင်းကုန်ထက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်များခဲ့ပါသည်။ ကုန်သွယ်မှုပမာဏ စုစုပေါင်းကို နှိုင်းယှဉ်ရာ၌ ယခင်ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံကျော် ရှိခဲ့ပြီး၊ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ နီးပါးသာရှိသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

22 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၉)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

■ **အာဏာမသိမ်းမီ ခြောက်လနှင့် အာဏာသိမ်းပြီး ခြောက်လအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ ကုန်သွယ်မှုပမာဏ နှိုင်းယှဉ်ချက်**

အမေရိကန်ဒေါ်လာ (သန်း)

| | နယ်စပ်ကုန်သွယ်ရေးစခန်းများ | အာဏာမသိမ်းမီ ခြောက်လ | အာဏာသိမ်းပြီး ခြောက်လ | တိုး/လျော့ |
|---|---|---|---|---|
| တရုတ် | မူဆယ် | ၂,၈၃၉.၆၄၈ | ၁,၄၉၆.၀၇၁ | - ၁,၃၄၃.၅၇၇ ▼ |
| | လွယ်ဂျယ် | ၁၁၇.၄၄၁ | ၁၀၆.၈၄၉ | - ၁၀.၅၉၂ ▼ |
| | ချင်းရွှေဟော် | ၃၀၅.၉၈၉ | ၂၁၅.၀၆၃ | - ၉၀.၉၂၆ ▼ |
| | ကန်ပိုက်တီ | ၁၇၇.၃၆၉ | ၁၀၄.၀၉၈ | - ၇၃.၂၇၁ ▼ |
| | ကျိုင်းတုံ | ၅.၃၄၂ | ၉.၈၈၅ | + ၄.၅၄၃ ▲ |
| ထိုင်း | တာချီလိတ် | ၁၃၀.၉၂၄ | ၁၀၂.၆၄ | - ၂၈.၂၈၄ ▼ |
| | မြဝတီ | ၅၇၃.၀၁၃ | ၁,၂၁၃.၄၅၇ | + ၆၄၀.၄၄၄ ▲ |
| | ကော့သောင်း | ၁၄၉.၄၆၈ | ၁၄၇.၈၅၂ | - ၁.၆၁၆ ▼ |
| | မြိတ် | ၅၉.၆၁၂ | ၆၁.၇၃၆ | + ၂.၁၂၄ ▲ |
| | နဘုလယ်/ထီးခီး | ၈၀၀.၃၇၄ | ၇၃၄.၉၆၂ | - ၆၅.၄၁၂ ▼ |
| | မော်တောင် | ၁၀.၄၇ | ၇.၃၇၂ | - ၃.၀၉၈ ▼ |
| | မယ်စဲ့ | ၀.၀၃၉ | N.A. | |
| ဘင်္ဂလားဒေ့ရှ် | စစ်တွေ | ၃၇၀.၁၆ | ၂၃၂.၁၈၆ | - ၁၃၇.၉၇၄ ▼ |
| | မောင်တော | N.A. | ၄.၉၀၄ | |
| အိန္ဒိယ | တမူး | ၂၆.၉၄၄ | ၉.၂၃၆ | - ၁၇.၇၀၈ ▼ |
| | ရိဒ် | ၉၂.၂၈၂ | ၇၄.၅၂၉ | - ၁၇.၇၅၃ ▼ |
| | ထန်တလန် | N.A. | N.A. | |
| လာအို | ကျိုင်းလပ် | N.A. | N.A. | |

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန